## ၁၁။ ထိပ်ခေါင်ညွန့်ထိုးပိုး

**White Top Borer/Top Shoot Borer: *Scirpophaga excerptalis* (Walker, 1863)**

**Lepidoptera: Crambidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ




လောက်ကောင် သည်ချောမွတ်ပြီး အဖြူရောင် သို့မဟုတ် နို့နှစ်ရောင်ရှိပြီး ကျောရိုး လယ်တွင် အနီ ရောင်ရှိကာ ဦးခေါင်းမှာ အဝါရောင် ရှိသည်။အရွယ်ရောက်ကောင်သည်အဖြူရောင်ရှိသော ဖလံဖြစ်သည်။ အမတွင် လိမ္မော်ဝါနုရောင် အမွေး စုတ်ပါရှိသည်။

### ဖျက်ဆီးပုံ လက္ခဏာများ




လောက်ကောင်များကို ကြံများ၏ ထိပ်ဖျားများတွင် အဓိကတွေ့ရပြီး ကြီးထွားနေသော အပိုင်း ကတစ်ဆင့် ထိုးဖောက် ဝင်ရောက်ပြီး ကြံပင်စည်၏ ကြံရည်အပိုင်းကို ရောက်သည်အထိ အပေါ်ဆစ်မှ အောက်သို့ ထိုးဖောက်သည်။ အလွယ်တကူ ဆွဲထုတ်မရသော ကြီးထွားနေသော ကြံများမှ အူပုပ်ကို တွေ့ရသည်။ လောက်ကောင်သည် မခေါက်သော

အရွက်များ အတွင်းထိုး ဖောက်ဝင်ရောက်ပြီး ထွက်လာ သော အရွက်များတွင် ဖောက်ထားသော အပေါက်ရာ များကို အပြိုင်တွေ့ရသည်။ ခေါင်ညွန့်ထိပ်က ပိုးပေါက်ရာများကို တွေ့ရပြီး ထိပ်ပိုင်း ချုံပုတ်ပုံစံကို တွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **– (၆-၁၁)** ရက်

လောက်ကောင်အဆင့် **– (၂၁-၄၂)** ရက်

အကောင်ကြီး အဆင့် **– (၂-၃)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

**စိုက်ပျိုးနည်းဖြင့်ကာကွယ်နှိမ်နင်းနည်း**

(၁) ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။

(၂)အနည်းငယ်မြေဆွကာ ကောက်ရိုးဖုံးပါ။

(၃)သီးညှပ်စိုက်ပါ။ (ပြောင်းဖူး၊ နှံစားပြောင်းကို သီးညှပ်အဖြစ် မစိုက်ပါနှင့်။)

(၄)အတန်းလိုက်စိုက်ပါ။

(၅)အူပုပ်ကြံပင်များကို ဖယ်ရှားပြီး ဖျက်ဆီးပါ။

**ရူပနည်းဖြင့်ကာကွယ်နှိမ်နင်းနည်း**

(၁) ဥမြုံများကို ကောက်ယူဖျက်ဆီးပါ။

(၂)ဖလံအမကို စတွေ့သည့်နေ့မှစ၍ (၄) ရက်တစ်ခါ ဥမြုံများကို ကောက်ယူပါ။

**ဓါတုနည်းဖြင့်ကာကွယ်နှိမ်နင်းနည်း**

ထိသေစားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုး ကိုဆေး အညွှန်းအတိုင်းပက်ဖျန်း ပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင်

ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ကာတက်ဟိုက်ဒရိုကလိုရိုက်(Cartap hydrochloride)
- ကာဘိုဆာလဖန်(Carbosulfan)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ဖစ်ပရိုနေး (Fipronil)